# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

## Village Development Plan (VDP)

## နမ့်ကစ်ကျေးရွာ၊ဖားဆောင်းကျေးရွာအုပ်စု၊ဖားဆောင်းမြို့နယ်၊ ကယားပြည်နယ်

# မာတိကာ

၁။ ဖားဆောင်းမြို့နယ်မြေပုံ

၂။နမ့်ကစ်ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ဖားဆောင်း-မြို့နယ်မြေပုံ



## ၂။နမ့်ကစ်ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁။ | နမ့်ကစ် | ၁၂၇ | ၃၃၃ | ၃၃၄ | ၆၆၇ |
| ၂။ | စုစည်း | ၆၄ | ၁၅၁ | ၁၃၅ | ၂၈၆ |
| ၃။ | ပါပု | ၇၂ | ၁၅၁ | ၁၆၄ | ၃၁၅ |
| ၄။ | ဘီဟီထာ | ၅၈ | ၁၆၃ | ၁၇၀ | ၃၃၃ |
| ၄။ | တောင်ပေါ် | ၇၁ | ၁၃၅ | ၁၄၀ | ၂၇၅ |
| ၅။ | ခဲမဖြူ | ၃၁၂ | ၈၂၀ | ၈၄၈ | ၁၆၆၈ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)


ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်ရှိ နမ့်ကစ်ကျေးရွာသည် ဖားဆောင်းမြို့၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီးရွာ၏ အိမ်ထောင်စု (၁၂၇) နှင့် လူဦးရေ (၆၄၇)ယောက် နေထိုင်ပါသည်။ ရှမ်း နှင့် ကရင်လူမျိုးများ နေထိုင်ကြပြီးဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ နမ်းနှင့်စပါးတို့ကိုအဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။ လက်ရှိအခြေအနေတွင် PACT Myanmar အဖွဲ့အစည်းမှ မိခင်နှင့် ကလေးကျန်းမာရေး၊ အာဟာရကျွေးမွေးခြင်း နှင့် အခြေခံကျန်းမာရေး အသိပညာများ ဆောင်ရွက်လျက်ရှိနေပါသည်။ အခြေခံ ပညာရေးအနေဖြင့် အခြေခံမူလတန်းကျောင်းသာရှိပြီး အတန်းကြီးပိုင်းသင်ယူမည့် ကလေးများအနေဖြင့် ဖားဆောင်းမြို့သို့ ပညာသင်ယူရသည့်အတွက် သွားရေးလာရေးတွင် အသုံးပြုရမည့် ယာဥ်အခက်အခဲ၊ ပညာသင်စရိတ်မလုံလောက်မှုများကြောင့် ကလေးများကျောင်းထွက်နှုန်း များခဲ့ပါသည်။ RDA အဖွဲ့မှလည်း စိုက်ပျိုးရေး နှင့် မွေးမြူရေး အသိပညာပေးလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ပစ္စည်းများ၊ ဆိတ်၊ ဝက် များလည်း ပံ့ပိုးပေးခဲ့ပါသည်။ ကျေးရွာတွင်းတွင် မျိုးစေ့ဘဏ်ကိုလည်း ဆောက်လုပ်ပေးခဲ့ပါသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် နတလတို့မှ ၂၀၁၇ခုနှစ်နှစ်စပိုင်းတွင် နန့်ကစ် နှင့် ပါပု ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးခဲ့ပါသည်။

# ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | လူမှုရေး နှင့် အရင်း အမြစ်ပြမြေပုံ | ၂၄.၁.၂၀၁၇ | ကျေးရွာ လူထု | ၉ | ၅၈ | ၆၇ | ကျေးရွာတွင်းရှိ အရင်း အမြစ်များ၊ အခြေခံအဆောက် အအုံများ၊ မြစ်ချောင်းများ၊ လမ်းပန်းဆက်သွယ် ရေးအခြေအနေများ  အားဆွေးနွေး မှတ်တမ်းတင်ခြင်း |
| ၂။ | ဥစ္စာဓနပိုင်ဆိုင်မှု အဆင့် သတ်မှတ်ချက် | ၂၄.၁.၂၀၁၇ | ကျေးရွာ လူထု | ၉ | ၅၈ | ၆၇ | အိမ်ထောင်စုတစ်စုချင်းစီကို သဘော တူညီထားသည့်သတ်မှတ်ချက်အချို့ကို အသုံးပြု ကာ အဆင့် ၃ ဆင့် တွင်ပါဝင် သော အိမ်ထောင်စု အရေ အတွက် ခန့်မှန်းခြင်း |
| ၃။ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၄.၁.၂၀၁၇ | ကျေးရွာ လူထု | ၉ | ၅၈ | ၆၇ | အမျိုးသမီးနှင့် အမျိုးသား ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် အရင်းအမြစ်များနှင့် ပက်သက်သည့် ဦးစားပေးများနှင့် လိုအပ်ချက်များ ကွဲပြားခြားနားမှုကို ဆွေးနွေးခြင်းဖြစ်သည်။ |
| ၄။ | ရာသီခွင်ပြဇယား | ၂၄.၁.၂၀၁၇ | ကျေးရွာ လူထု | ၉ | ၅၈ | ၆၇ | ရာသီဥတု၊ အဓိကအသက်  မွေးဝမ်း ကျောင်းးလုပ်ငန်း၊ပွဲတော်များ ၊စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ရန် ကျေးရွာလူထု အားလပ်ချိန်များအား ဆွေးနွေးမှတ်တမ်း တင်ခြင်း |
| ၅။ | ကျား-မ အခန်းကဏ္ဍ သုံးသပ်ခြင်း | ၂၄.၁.၂၀၁၇ | ကျေးရွာ လူထု | ၉ | ၅၈ | ၆၇ | အမျိုးသား၊အမျိုးသမီး တန်းတူအခွင့် အရေး ရရှိမှု၊အခြေအနေ များအား ဆွေးနွေးမှတ်တမ်းတင်ခြင်း |
| ၆။ | အဖွဲ့အစည်း ဆိုင်ရာအကဲ ဖြတ် ချက်နှင့် ဗင်းကားချပ် | ၂၄.၁.၂၀၁၇ | ကျေးရွာ လူထု | ၉ | ၅၈ | ၆၇ | လူထုနှင့် ထိတွေ့ဆက်ဆံပြီး လူထု အကျိုးစီးပွားအတွက်  ဆောင်ရွက်လျက် ရှိ သော ရွာအတွင်း၊ရွာပြင်ပ အဖွဲ့ အစည်းများအားဖော်ထုတ်ခြင်းနှင့် ဆတ်သွယ်မှုပုံသဏ္ဍာန်ကို ကားချပ်ပေါ် တွင်မှတ်တမ်းတင်ခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ





နမ့်ကစ်ကျေးရွာတွင်အိမ်ထောင်စု (၁၂၇)စု ရှိကာ စုစုပေါင်းလူဦးရေမှာ (၆၆၇)ဦးခန့် နေထိုင်ကြသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ရေထွက်ပေါက် နှင့် စမ်းချောင်းရှိသည်။ နမ့်ကစ်ကျေးရွာတွင် ရှမ်းလူမျိုး၊ ကရင်လူမျိုးစသည့် လူမျိုးများ နေထိုင်ကြပြီးဗုဒ္ဓဘာသာနှင့် ခရစ်ယာန် (နှစ်ခြင်း)ဘာသာများကို သက်ဝင်ကိုးကွယ် ယုံကြည် ကြသည်။ ကျေးရွာလူထုများသည် ဘာသာရေး၊ လူမျိုးရေးတို့မှ ခွဲခြားခြင်းမရှိပဲအတူတကွ နေထိုင်ကြသည်။

နမ့်ကစ်ကျေးရွာလူထုများသည် တောင်ယာ၊ လယ်ယာများစိုက်ပျိုးခြင်းနှင့် မီးသွေးဖုတ်ခြင်း စသည့်လုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကုန်းလမ်းကိုသာ အဓိကအသုံးပြုကြသည်။ မိုးရာသီတွင်ရွာတွင်းလမ်းများ ပျက်စီး သောကြောင့် သွားလာရန်ခက်ခဲသည်။ သစ်တောများသည် ခုတ်ထွင်ရှင်းလင်းမှု၊ ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးမှုများကြောင့် လွန်ခဲ့သော (၅)နှစ်မှစ၍ သိသိသာသာ လျော့နည်းလာသည်။

ကျေးရွာရှိအခြေခံအဆောက်အဦးများမှာမူလတန်းကျောင်း၊ နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ကျေးရွာခန်းမဆောင်၊ စာကြည့်တိုက်၊ ဘုန်းကြီးကျောင်း၊ ရေလှောင်ကန်၊ စေတီ၊ ဘောလုံးကွင်း၊ ဓမ္မာရုံများဖြစ်ပါသည်။ ၎င်းတို့အနက် ကျေးရွာခန်းမဆောင်မှာလုံခြုံမှုမရှိပါ၊ လက်ရှိရေလှောင်ကန် မှာလည်းလူဦးရေများတိုးလာသောကြောင့် လုံလောက်စွာသုံးစွဲနိုင်ခြင်းမရှိပါ။

## (ခ)ဉစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ချက်




ဥစ္စာဓနကြွယ်ဝမှုနှင့်ပတ်သက်၍ဥပမာဇယား (နန့်ကစ်)

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စုရေတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်(ပို) | ဆန်စက်၊ ဆီဆုံ၊ သစ်စက်၊ ကား၊ ဈေးဆိုင်၊ ကျွဲ၊ နွား၊ ထွန်စက်၊ ထော်လာဂျီ၊ နွားလှည်း၊ ငွေရေးကြေးရေး၊ | ၁၅ | ၁၂.၅ % |
| ပြေလည် (သာမာန်) | ဆိုင်ကယ်၊ ကျွဲ၊ နွား၊ ဈေးဆိုင်၊ နွားလှည်း၊ ဝက်၊ ကြက်၊ တောလိုက်၊ ခွေး၊ တိုမီးသေနတ် | ၄၅ | ၃၇.၅ % |
| နွမ်းပါး | ဆိုင်ကယ်၊ ကြက်၊ ဝက်၊ နွား၊ ခွေး | ၆၀ | ၅၀ % |
| စုစုပေါင်း | | ၁၂၀ | ၁၀၀ % |

နမ့်ကစ်ကျေးရွာရှိ ကျေးရွာလူထုသည် ဉစ္စာကြွယ်ဝမှုအဆင့်သတ်မှတ်ရာတွင် ပထမအဆင့်အား ပိုမိုပြေလည်သောအဆင့်၊ ဒုတိယအဆင့်အား သာမန်ပြေလည်သော အဆင့်နှင့် တတိယအဆင့်အား နွမ်းပါးအဆင့်ဟူ၍(၃)ဆင့်ရှိပါသည်။ ဆန်စက်၊ ဆီဆုံ၊ သစ်စက်၊ ကား၊ ဈေးဆိုင်၊ ကျွဲ၊ နွား၊ ထွန်စက်၊ ထော်လာဂျီ၊ နွားလှည်း နှင့် ငွေကြေးအများအပြား ပိုင်ဆိုင်သော အုပ်စုမှာ ပိုမိုပြေလည်သောအုပ်စု၊ ဆိုင်ကယ်၊ ကျွဲ၊ နွားလှည်း၊ ဝက် ၊ကြက်၊ တောလိုက်၊ တူမီးသေနတ် ပိုင်ဆိုင်သောအုပ်စုမှာ ပြေလည်အုပ်စု နှင့် ဆိုင်ကယ် ၊ကြက်၊ ဝက်၊ နွား၊ ခွေးပိုင်ဆိုင်သောအုပ်စုမှာ နွမ်းပါးအဆင့် ဟူ၍သက်မှတ်ကြသည်။


နမ့်ကစ်ကျေးရွာရှိ ပိုမိုပြေလည်သောအဆင့်မှာမှာ ပျမ်းမျှအားဖြင့် အိမ်ထောင်စု(၁၅)စု ခန့်(၁၁.၈%)ရှိပြီး ၊ သာမန်ပြေလည်သောအဆင့်မှာ ပျမ်းမျှအားဖြင့် အိမ်ထောင်စု(၄၅)စု ခန့်(၃၅.၄%) နှင့် နွမ်းပါးအဆင့်မှာပျမ်းမျှအားဖြင့် အိမ်ထောင်စု (၆၇)စုခန့် (၅၂.၇%) ရှိပါသည်။ နွမ်းပါးအဆင့်မှာများပြားနေသောကြောင့် ကျေးရွာဖွံ့ ဖြိုးရေးအားနည်းနေပါသည်။

## (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း





နမ့်ကစ်ကျေးရွာရှိ သဘာဝသယံဇာတအရင်းအမြစ်များသုံးစွဲရာတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ သုံးစွဲမှုမတူညီပါ။ အထူးသဖြင့် အမျိုးသမီးများအသုံးပြုသောအရင်းအမြစ်များမှာ ဈေးရောင်းခြင်း၊ ဖက်ကောက်ခြင်း၊ စက်ချုပ်ခြင်းနှင့် အိမ်တွင်းမှုလုပ်ငန်းများသာဖြစ်၍ ၎င်းလုပ်ငန်းများကို အမျိုးသမီးများကသာထိန်းချုပ်ကြသည်။ တောင်ယာ၊ မီးသွေး၊ လယ်၊ အားကစား၊ ကျောက်တောင် ၊သစ်ထုတ်လုပ်ရေးစသည့်လုပ်ငန်းများကို ထိန်းချုပ်ကြသည်။ ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို အမျိုးသားနှင့် အမျိုးသမီးတို့ အတူပူးပေါင်းဆောင်ရွက်ကြသည်။

**(ဃ)ရာသီခွင်ပြဇယား**



နမ့်ကစ်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ တောင်ယာ၊ လယ်ယာ နှင့် မီးသွေးဖုတ် လုပ်ငန်းများဖြစ်ပြီး နှမ်းနှင့် စပါးကို အဓိကစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးလုပ်ငန်း ကာလမှာမေ၊ဇွန်၊ စက်တင်ဘာ၊နိုဝင်ဘာလများဖြစ်ပြီး မီးသွေးဖုတ်လုပ်ငန်းကို တစ်နှစ်ပတ်လုံး နီးပါးလုပ်ကိုင် ကြသည်။ ဆန်စပါးကိုစားသုံးရန်အတွက်သာ စိုက်ပျိုးကြသည်။ နှမ်းလုပ်ငန်းမှ တစ်နှစ်စာပျမ်းမျှဝင်ငွေ မှာ (၁၀)သိန်းခန့်ရရှိပြီး ၎င်းရင်းနှီးမှုအတွက် ထွက်ငွေမှာ (၆)သိန်း နီးပါးရှိပါသည်။ မီးသွေးဖုတ်လုပ်ငန်းမှာတစ်နှစ်လျှင် (၅)ကြိမ်ခန့်ထုတ်ရောင်းရပြီး တစ်နှစ်ပတ်လုံး ဝင်ငွေမှာ(၁၅)သိန်းခန့်ရှိပြီး၊ ထွက်ငွေမှာ (၈)သိန်းခန့်ရှိသည်။ ဝင်ငွေများသောကာလမှာ စက်တင်ဘာလနှင့်အောက်တိုဘာလ ၂ လသာရှိပြီး ကျန်လများသည် ထွက်ငွေများသောလများ ဖြစ်သည်။ ဗုဒ္ဓ နှင့် ခရစ်ယာန် ဘာသာများကိုကိုးကွယ်ကြပြီး မိမိကိုးကွယ်ရာ ဘာသာများ အလိုက် ပွဲတော်ကာလကို ဧပြီ၊ မေ ၊အောက်တိုဘာ၊နိုဝင်ဘာ၊ ဒီဇင်ဘာလ များတွင် အသီးသီး ကျင်းပကြသည်။ ဧပြီ လတွင်သင်္ကြန်ပွဲ၊မေလတွင်မီးကျည်ပွဲ ၊ရွာနံ့စေတီပွဲ၊အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲ၊ နိုဝင်ဘာလတွင် တန်ဆောင်တိုင်ပွဲနှင့် ဒီဇင်ဘာလတွင် ခရစ္စမတ် ပွဲတော်များ ကျင်းပကြသည်။ မတ်၊ ဧပြီလများတွင် တောမီးလောင်မှု တခါတရံ ဖြစ်ပွားသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးသီးထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းခြင်းကြောင့် ကမ်းပါး ပြိုခြင်း၊ လမ်းများပျက်စီးခြင်း နှင့် ရေနောက်ခြင်းကြောင့် သောက်သုံးရေ ခက်ခဲမှုရှိပါသည်။ နွေနှင့်မိုး ကူးပြောင်းကာလ တွင် ဝမ်းပျက်ရောဂါ နှင့် ငှက်ဖျား၊တုပ်ကွေးရောဂါများဖြစ်လေ့ရှိသည်။ အားလပ်သော လများသည် မတ်၊ ဧပြီနှင့် ဒီဇင်ဘာလများဖြစ်ပြီး ကျန်သောလများတွင် အလုပ်များပါသည်။

**(င)ကျားမအခန်းကဏ္ဍသုံးသပ်ခြင်း (Cobweb)**




နမ့်ကစ်ကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စဖြင့်သာ အချိန်ကုန်သောကြောင့် ဝင်ငွေရရှိမှုနည်းပါးကြသည်။ လူမှုရေး လုပ်ငန်းများတွင် အမျိုးသမီးများပါဝင်သော်လည်း အမျိုးသားများကသာ ဦးဆောင်၍ ဆုံးဖြတ်ချက်ချကြသည်။ အလုပ်အကိုင် အခွင့်အလမ်း တွင် အမျိုးသမီးများသည် အမျိုးသားများထက် အခွင့်အရေး နည်းပါးကြပြီး၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတအသိပညာများတွင်မူ အမျိုးသမီးများက ပိုမိုသိရှိကြသည်။ သို့သော်အမျိုးသမီးများသည် ရှေးရိုးစွဲ၊ မိရိုးဖလာအယူအဆများကြောင့် အမျိုးသမီးသမီးများအနေဖြင့် ဦးဆောင်မှုပိုင်းတွင် တာဝန်ယူရန်စိတ်မစားသည့်အပြင် မိမိကိုယ်ကိုယုံကြည်မှု အားနည်းသောကြောင့် မိမိတို့၏ စွမ်းဆောင်ရည်ကို ထုတ်သုံးရန် အားနည်းကြသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်




နမ့်ကစ်ကျေးရွာ တွင် အဖွဲ့အစည်းပေါင်း (၁၇) ဖွဲ့ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာနှင့် ချိတ်ဆက်မှု အရှိဆုံး ဖြစ်သည်။ လူငယ်အဖွဲ့သည် ရွာတွင်းနေထိုင် ပြီးရွာ၏သာရေး နာရေးလိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊IOM ၊Pact Myanmar၊ KNWO၊ ဂရုဏာအဖွဲ့၊ လူထုကျန်းမာရေးထောက်ပံ့ရေးအဖွဲ့။ IRC ၊ MAM၊ CDA ၊ KSPMN၊ RDA အဖွဲ့တို့သည် ရွာအတွင်းသို့ ထဲထဲဝင်ဝင်ပူးပေါင်း၍ ထောက်ပံ့မှုရှိသောအဖွဲ့များဖြစ်သည်။ Pact Myanmar ၊IOM နှင့် လူထုကျန်းမာရေးထောက်ပံ့ရေးအဖွဲ့တို့တွင် တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးများ ပါဝင်သည့်ကော်မတီများ ဖွဲ့စည်းထားသည်။ ၎င်းအဖွဲ့များအားလုံးအနက် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုအများဆုံးပေးသောအဖွဲ့မှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ






နမ့်ကစ်ကျေးရွာတွင် ရေထွက်ပေါက် မှ လာသောရေကို ရေလှောင်ကန် မှ တဆင့် ခွဲဝေအသုံးပြုကြသော်လည်း ရေလှောင်ကန်မှာ သေးငယ်နေခြင်းနှင့် လူဦးရေများပြားလာခြင်းကြောင့် ရေမလုံလောက်မှု မရှိပါ။ မိုးရာသီတွင် တောင်ကျရေကြီးခြင်းကြောင့် လမ်းများပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ကာ အရေးပေါ် ကျန်းမာရေးအတွက် ဖားဆောင်းမြို့ပေါ်သို့ ဆေးကုသမှုခံယူရန် လက်လှမ်းမမှီနိုင်ပါ။ ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးဝန်ထမ်းများ ရွာတွင်းသို့လှည့်လည်၍ ဆေးကုသမှု ပြုလုပ်နေရပါသည်။ မူလတန်းကျောင်းရှိသော်လည်း ကလေးဦးရေများပြီး ကျောင်းဆောင်သေးငယ်နေခြင်း နှင့် ပညာရေးဝန်ထမ်း မလုံလောက်ခြင်းကြောင့် ပညာရေးနောင့်နေးမှု ရှိနေပါသည်။ အားကစားကွင်း မရှိသောကြောင့် ကျောင်းပြင်ပတွင် ဆော့ကစားနေရသည့် ကလေးများ အတွက် လုံခြုံမှုမရှိပါ။ ခန်းမဆောင်မှာ ခြံစည်းရိုးမရှိ ခြင်း၊ အကာအရံများ မပြည့်စုံသောကြောင့် ရေရှည် တည်တံ့မှုနှင့် လုံခြုံမှု မရှိသောအခက်အခဲရှိပါသည်။


## (၈) မျှော်မှန်းချက်




နမ့်ကစ် ကျေးရွာသည် နောင်လာမည့် ၅ နှစ်တွင်ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများဘက်စုံဖွံ့ဖြိုးလာပြီး ကျေးရွာလူထုသည်လည်း ကျေးရွာအတွင်း ချမှတ်ထားသည့် စည်းကမ်းများကိုလိုက်နာကျင့်သုံးမှုရှိကာ စည်းကမ်းပြည့်ဝသည့် ကျေးရွာတစ်ရွာ ဖြစ်လာရန် နှင့် စားနပ်ရိက္ခာဖူလုံခြင်း၊ သန့်ရှင်းသော သောက်သုံးရေများ လုံလောက်ခြင်း၊ ကျန်းမာရေး၊ ပညာရေး နှင့် စီးပွားရေး လက်လှမ်းမီသော ကျေးရွာတစ်ရွာဖြစ်လာရန် မျှော်မှန်းပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း




နမ့်ကစ် ကျေးရွာတွင်  ဦးစားပေးလုပ်ငန်း များရွေးချယ်ရာ ဒုတိယ အကြိမ် အစည်းအဝေးတက်ရောက်သူ  အမျိုးသား (၁၅) ဦး၊အမျိုးသမီး (၅၈) ဦး၊စုစုပေါင်း ၆၇ ဦး တို့ ၏ သဘောတူညီမှုနှင့် ဆုံးဖြတ်ချက်အရ ဦးစားပေးအဆင့်များကို သတ်မှတ်ကြသည်။ ဦးစားပေးလုပ်ငန်း  (၁၁) ခုရှိကာ အဆင့် (၁၁) ဆင့် သတ်မှတ်ကြသည်။ ၎င်းတို့မှာ(၁) ရေလှောင်ကန် တိုးချဲ့တည်ဆောက်ခြင်း၊ (၂) ရွာတွင်းလမ်းပြုပြင်ခြင်း၊ (၃)  ခန်းမဆောင် ပြုပြင်ခြင်းနှင့် ခြံစည်းရိုး ကာခြင်း ၊ (၄) မူလတန်းကျောင်း တိုးချဲ့တည်ဆောက်ခြင်း၊ (၅) လျှပ်စစ်မီး ရရှိရေးလုပ်ငန်း၊ (၆) သင်္ချိုင်းကုန်း လမ်းပြုပြင်ခြင်း၊ (၇) ဆေးပေးခန်း တည်ဆောက်ခြင်း၊ (၈)လိုအပ်သောနည်းပညာ သင်တန်းပေးခြင်း၊ (၉) ကျောင်းဝန်းအတွင်း ကလေး ကစားကွင်း တည်ဆောက်ခြင်း၊ (၁၀) ကျောင်းဆရာ/ဆရာမများပြည့်စုံစွာ ရရှိရေး၊ (၁၁)၊ ဝန်ထမ်း အိမ်ယာ တည်ဆောက်ခြင်း  တို့ဖြစ်ပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁။ | ဦးစောဘီဝါး | စီ/ထောက် ဥက္ကဌ | ဘဏ္ဍာရေး အဖွဲ့ဝင် |
| ၂။ | ဒေါ်နော်ရှဲနာဖော | စီ၊ထောက် ဥက္ကဌ | ဥက္ကဌ |
| ၃။ | ဦးစောလွဲထူး | စေတနာဝန်ထမ်း | |
| ၄။ | ဒေါ်နော်မူးဂေါ် ဖော | စေတနာဝန်ထမ်း | |
| ၅။ | ဒေါ်ပိုင်နှင်းဝေ | စာရင်းကိုင် | |
| ၆။ | ဦးစောဘွယ်ထူး | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး | |
| ၇။ | ဒေါ်နော်နောကယ် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး | |
| ၈။ | ဦးစောညွှန့်သိန်း | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၉။ | မပုလဲဖြူ | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၁၀။ | ဦးအောင်အောင် | လည်ပတ်ထိန်းသိမ်းရေး | |
| ၁၁။ | ဒေါ်စိုးစိုးလှိုင် | လည်ပတ်ထိန်းသိမ်းရေး | |
| ၁၂။ | ဦးအောင်ကြာ | စောင့်ကြည့်ကြီးကြပ်ရေး | |
| ၁၃။ | ဒေါ်နော်ခရီဆဲ | စောင့်ကြည့်ကြီးကြပ်ရေး | |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးစော ဘို့ဖော | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် နော်ယွာ ယောဒိုရီ |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဖားဆောင်း | ကျေးရွာ နှပ်ကစ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၀၈ | ဘာသာ (၁) ဗုဒ္ဓ | ၁၉ |
| လူမျိုးစု (၂) ရှမ်း | ၁၉ | ဘာသာ (၂) ခရစ်ယာန် | ၁၀၈ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | ၁၂၇ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | ဗုဒ္ဓ / နှစ်ခြင်း | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂/၅ = ၇ | ဗုဒ္ဓ / နှစ်ခြင်း | ၇ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၃၃ | ၃၃၄ |
| လူမျိုးစု (၁)-ကရင်- | ၂၈၆ | ၂၈၉ |
| လူမျိုးစု (၂)-ရှမ်း- | ၄၇ | ၄၅ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၁၇ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

✓ ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လှည်းသွားလမ်း　　အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၃ /မသိပါ
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ----- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ ၂၀

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ၂၀
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ၄၅
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ ------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) ------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၃ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၅ [illegible] /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ ၂၀

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ၂၀

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ၄၅

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၂၃.၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible]

နေ့စွဲ ၂၃.၁.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဖားဆောင်း | ဖားဆောင်း | [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၁.၂၀၁၇ | ၂၃.၁.၂၀၁၇ | ၁၅ | ၄၅ | ၆၂ | [illegible] / ၄၈ / ရှမ်း / ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၄.၁.၂၀၁၇ | ၂၄.၁.၂၀၁၇ | ၁၁ | ၅၆ | ၆၇ | ၈ / ၅၁ / ရှမ်း / ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | [illegible] | [illegible] | ၁၄ | ၁၄ | ၁၄ | ၁၅/၄/၄ / ကရင်/ရှမ်း/[illegible] |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၆.၃.၂၀၁၇ | ၁၆.၃.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၆.၄.၂၀၁၇ | ၆.၄.၂၀၁၇ | ၁၀ | ၂၅ | ၃၅ | ၃၀/၃ / ကရင် / ရှမ်း |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | ၂၆.၄.၂၀၁၇ | ၂၆.၄.၂၀၁၇ | ၄ | ၃ | ၇ | ၇ ကရင် |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်၊** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် |
| နေ့စွဲ ၂၄.၁.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — ဖားဆောင်းမြို့နယ် — ကျေးရွာအုပ်စု ဖားဆောင်း — ကျေးရွာ နန်းကစ် |

**ကး အစက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အစက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအစက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအစက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအစက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဝင်ငွေမလုံလောက်သည့်အတွက်ကလေးများကျောင်းထွက်ခြင်း | | ဝင်ငွေမလုံလောက်သည့်အတွက်ကလေးများကျောင်းထွက်ခြင်း |
| ၂ | ကျေးရွာတကာလုံး ကွင်းမရှိခြင်း | ၂ | ဆေးဝါးများ၊ ဝန်ဆောင်မှုများပြည့်စုံသော ကျေးလက်ဆေးပေးခန်းမရှိခြင်း |
| ၃ | ဆေးဝါးများ၊ ဝန်ဆောင်မှုများပြည့်စုံသော ကျေးလက်ဆေးပေးခန်းမရှိခြင်း | ၃ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၄ | သောက်သုံးရေ မလုံလောက်ခြင်း | ၄ | လမ်းမကောင်းသောကြောင့်လယ်ယာ ဆက်သွယ်ရေး မလွယ်ကူခြင်း |
| ၅ | လမ်းကောင်းသောကြောင့်လယ်ယာ ဆက်သွယ်ရေး မလွယ်ကူခြင်း | ၅ | |
| ၆ | ကျောင်းဆောင်များ လုံလောက်မှုမရှိခြင်း | | |
| | | | |
| | | | |
| | | | |
| | | | |

ခး မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာတကာလုံးကွင်း တည်ဆောက်ပေးရန်မျှော်လင့်ခြင်း | ၁ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန်မျှော်လင့်ခြင်း |
| ၂ | ဝန်ဆောင်မှုနှင့်ဆေးဝါး များစုံလင်သောကျေးလက်ဆေးပေး | ၂ | ဝန်ဆောင်မှုနှင့်ဆေးဝါးစုံလင်သော ကျေးလက်ဆေး |
| ၃ | ခန်းရရှိရန် မျှော်လင့်ခြင်း | ၃ | ပေးခန်းရရှိရန်မျှော်လင့်ခြင်း |
| ၃ ၄ | စိုက်ပျိုးသီးနှံ၊ မွေးမြူရေး နှင့် အခြား အတွက်ရေကျက် | ၃ ၄ | အခြေခံပညာ တန်းကျောင်း အဆင့်မှ အခြေခံအလယ် |
| ၄ | စနစ်ကောင်း ဖြန့်ဝေရန်မျှော်လင့်ခြင်း | ၄ ၅ | တန်းကျောင်းသို့ တိုးမြှင့်ရန်မျှော်လင့်ခြင်း |
| ၄ | သောက်သုံးရေလုံလောက်စွာရရှိစေရန်မျှော်လင့်ခြင်း | ၅ | သောက်သုံးရေလုံလောက်စွာရရှိစေရန်မျှော်လင့်ခြင်း |
| ၅ | လမ်းမီး ဓါတ်တိုင် ရရှိရန် | ၆ | အထက်မြေ ဝင်း ကျောင်း သင်တန်း ရရှိရန်မျှော်လင့်ခြင်း |
| ၆ | အထက်မြေ ဝင်း ကျောင်း သင်တန်း ရရှိရန်မျှော်လင့်ခြင်း | ၇ | စိုက်ပျိုး သီးနှံ၊ မွေးမြူရေး နှင့် အခြား အတွက်ရေ |
| ၇ | ကျောင်းဆောင်များ ဆောက်လုပ်ပေးရန်မျှော်လင့်ခြင်း | | ကျက် စနစ်ကောင်း ဖြန့်ဝေရန်မျှော်လင့်ခြင်း |

နှပ်ကစ်

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေလှောင်ကန် တိုးချဲ့တည်ဆောက်ခြင်း | အမျိုးသားများ+အမျိုးသမီးများ | 3500000 | 667 |
| ၂ | ကျေးရွာလမ်း ပြုပြင်ခြင်း | " | | 667 |
| ၃ | ခန်းမဆောင် တိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသမီးများ | | 667 |
| ၄ | ကျောင်းဆောင် ပြုပြင်တည်ဆောက်ခြင်း | အမျိုးသားများ+အမျိုးသမီးများ | | 667 |
| ၅ | ကျေးရွာဆေးပေးခန်း တည်ဆောက်ခြင်း | " | | 667 |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | သချိုင်းကုန်းသို့ သွားသောလမ်း ပြုပြင်ခြင်း | အမျိုးသားများ+အမျိုးသမီးများ | |
| ၂။ | လျှပ်စစ်မီး သွယ်တန်းခြင်း | " | |
| ၃။ | သက်ကြီးပညာသင်တန်း ပံ့ပိုးပေးခြင်း | " | |
| ၄။ | ကျောင်းဆရာ ဆရာမ ရှားပါး | အမျိုးသားများ | |
| ၅။ | တန်ဖိုးနည်းအိမ်ယာများ ဆောက်လုပ်ပေးခြင်း | အမျိုးသမီးများ | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအောင်ခင်၊ လက်မှတ် [signature] နေ့စွဲ ၈.၂.၂၀၂၁

နုတ်ကစ်

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေလှောင်ကန် တိုးချဲ့တည်ဆောက်ခြင်း | အမျိုးသားများ+အမျိုးသမီးများ | 3500000 | 667 |
| ၂ | ကျေးရွာလမ်း ပြုပြင်ခြင်း | " | | 667 |
| ၃ | ခန်းမဆောင် တိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသမီးများ | | 667 |
| ၄ | ကျောင်းဆောင် ပြုပြင် တည်ဆောက်ခြင်း | အမျိုးသားများ+အမျိုးသမီးများ | | 667 |
| ၅ | ကျေးရွာဆေးပေးခန်း တည်ဆောက်ခြင်း | " | | 667 |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | သချိုင်းကုန်းသို့ သွားသောလမ်း ပြုပြင်ခြင်း | အမျိုးသားများ+အမျိုးသမီးများ | |
| ၂။ | လျှပ်စစ်မီး သွယ်တန်းခြင်း | " | |
| ၃။ | သက်ကြွေးပညာသင်တန်း ပံ့ပိုးပေးခြင်း | " | |
| ၄။ | ကျောင်းဆရာ ဆရာမ ရှားပါး | အမျိုးသားများ | |
| ၅။ | တန်ဖိုးနည်း အိမ်ယာများဆောက်လုပ်ပေးခြင်း | အမျိုးသမီးများ | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီမှ အတည်ပြုသည်။

အမည် ဦးအောင်ခင်၊ လက်မှတ် (signature) နေ့စွဲ ၈-၂-၂၀၁၇

## ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ဆောင်းမိုးသဲ


နေ့စွဲ 10. 2. 2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☒စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဖားဆောင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
| ခုစည်း | ကျေးရွာလမ်းပြုပြင်ခြင်း | ၂၈၈၅'x၁၀'x၉" | ၃၈၉ | □ ကျား □ မ ☒ ကျား+ မ | ၂၆၀၀၀၀၀ | . | - ၊ - | ၂၆၀၀၀၀၀ |
| နမ့်ကဲ | ရေလှောင်ကန်တိုးချဲ့ တည်ဆောက်ခြင်း | ၁၅'x၉'x၆'၅" | ၆၆၇ | □ ကျား □ မ ☒ ကျား+ မ | ၄၀၀၀၀၀၀ | - | - ၊ - | ၄၀၀၀၀၀၀ |
| တောင်ပေါ် | ကျေးရွာတွင်းတံတား ပြုပြင်ခြင်း | ၁၂'x ၁.၅'x၂' ၁၄'x၁.၅'x၄' ၁၄'x၂.၅'x၁' | ၂၇၇ | □ ကျား □ မ ☒ ကျား+ မ | ၄၄၀၀၀၀၀ | - | - ၊ - | ၄၄၀၀၀၀၀ |
| ဗဟိုကာ | ရေအရင်းအမြစ်မှ ရေသွယ်တန်းခြင်း | ၇၇၀' | ၃၃၃ | □ ကျား □ မ □ ကျား+ မ | ၁၀၀၀၀၀၀ | - | - ၊ - | ၁၀၀၀၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | ၊ | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဒေါ်အိအိတွေး လက်မှတ် အိတွေး ရက်စွဲ 10. 2. 2017

# ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



ယာယီအကြိုကျေးရွာအစည်းအဝေး မှတ်တမ်း

ကျေးရွာ - နမ့်ကာဝ်
ကျေးရွာအုပ်စု - ဖာဆောင်း / မြို့နယ် - ဖားဆောင်း
နေရာ - ကျေးရွာနှစ်ခြင်းခရစ်ယာကျောင်း
နေ့ရက် - ၂၃.၁.၂၀၁၇
စတင်ချိန် - ၁၀:၀၀ နာရီ
ပြီးဆုံးချိန် - ၁၆:၃၀ နာရီ
တက်ရောက်သူဦးရေ - အမျိုးသား + အမျိုးသမီး - ပေါင်း
~~၃၅~~ ~~၄၄~~ - ~~၇၉~~
၁၅ + ၄၇ - ၆၂

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|
| ကျေးရွာဥက္ကဋ္ဌ ဦးစောဘွဲ့ထော (ကိုယ်စား) ဒေါ်ဖိုင်နှင်စေ | အသွင်အပြောင်း ပြောကြားခြင်း ၊ စီမံကိန်း သဘောတရားများကို အနှစ်ချုပ် ဆွေးနွေး သည် - ဒီ စီမံကိန်း သည် ကျေးရွာမှ ဖြစ်ရန် အတွက် လာရောက်ဆောင်ရွက်ဖြစ်ကြောင်း ၊ နှင့် လူထု အစုစုဖြင့် ပူးပေါင်းပါဝင်ဖို့ လိုအပ်ကြောင်း ၊ အစည်းအဝေး များကိုလည်း တက်ကြွစွာပါဝင်ကြဖို့ ဆွေးနွေး သည်။ |
| အော်ယှာဗော်နီရိ | စီမံကိန်း ဖိတ်ခေါ် နှင့် စီမံကိန်း ဝင်ဝန် ကရင် ဘာသာဖြင့် ဆွေးနွေးသည် |
| ဦးဆိုင်းဆီမိုး | တာဝန် နှင့် ဝတ္တရားများ အကြောင်း ဆွေးနွေးခြင်း<br>ကော်မတီဝင် ရွေးချယ်ခြင်း (မဲစနစ်ဖြင့်ရွေးချယ်ရာ)<br>အမျိုးသား - ဦးဖောဘွဲ့ရ<br>အမျိုးသမီး - ဒေါ်မောင့်ရေ ဂေါ်ဖော |

page-1

| ဆွေးနွေးသူ | ဆွေးနွေးသည့်အကြောင်းအရာ |
| --- | --- |
| | အမျိုးသား နှင့် အမျိုးသမီး အချိုးညီစွာ နှစ်ဖွဲ့ ခွဲ၍ လူမှု သန်းစစ်မှု ( PRA ) များကို ဖော်ထုတ်ဆွေးနွေးကြသည် |
| ဦးခိုင်ရိုးပိုင်<br>ဒေါ်သဲဖြူဝင်း | အဖွဲ့ (၁)<br>လူမှုရေးအရင်းအမြစ်ပြမြေပုံ<br>ဥစ္စာဓနကြွယ်ဝမှုပြဇယား<br>ဗင်းပုံစံသုံးသပ်ခြင်း စသည့် လူမှုသန်းစစ်မှုများ<br>ကိုဖော်ထုတ်ဆွေးနွေးကြသည်။ |
| နော်ယုဇွာဟောနိုရီ | အဖွဲ့ (၂)<br>ရာသီဥတုပြပြက္ခဒိန်<br>ပိုင်ဆိုင်မှုသုံးသပ်ခြင်း<br>ပင်တူအိတ်သုံးသပ်ခြင်း၊ စသည့် လူမှုသန်းစစ်မှုများ ကိုဖော် ထုတ်ဆွေးနွေးပြီးနောက် ရွာဆက်လုပ်မည့် ဒုတိယအကြိမ် အစည်းအဝေးတွင် ကျေးရွာလူထု များ အနေဖြင့် ပူးပေါင်းပါဝင် မှုအားကောင်းစွာ ပါဝင်ဆွေးနွေး ပေးကြရန် နှင့် ယခုလို အစည်းအဝေးကို လာရောက် ပူးပေါင်းဆောင်ရွက်ပေးသည့် အတွက် ကျေးဇူးတင်ကြောင်းပြောကြားပြီး အစည်းအဝေး ကိုရုပ်သိမ်းသည်။ |
| ညနေ | ၅:၀၀ နာရီတွင်အစည်းအဝေးပြီးသည်<br><br>လက်မှတ် -<br>မှတ်တမ်းတင်သူ - နော်ယုဇွာ ဟောနိုရီ<br>ရာထူး - CF |

နှစ်ကစ် - ပဲ့ကြိမ်အစည်းအဝေး

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး မှတ်တမ်း

ကျေးရွာ - နော့ကာစ

ကျေးရွာအုပ်စု - ဖားဆောင်း

မြို့နယ် - ဖားဆောင်း

နေရာ - ကျေးရွာနှစ်ခြင်းဘုရားကျောင်း

နေ့ရက် - ၂၄.၁.၂၀၁၇

စတင်ချိန် - ~~၉~~ နံနက် ၉:၃၀ နာရီ

ပြီးဆုံးချိန် - ညနေ ၄:၃၀ နာရီ

တက်ရောက်သူဦးရေ - အမျိုးသား + အမျိုးသမီး - ပေါင်း

၉ + ၅၈ - ၆၇

| ဆွေးနွေးသူ | ဆွေးနွေးသည့်အကြောင်းအရာ |
|---|---|
| ဦးစိုင်းစိုးပိုင် | ယနေ့ဆန်းစစ်မှုများကို တခုတခုစဉ်ပြန်လည်ပြောပြခြင်း ၊ ကျေးရွာသူ/သားများအား ပါဝင်ဦးဆောင် ဆွေးနွေးစေခြင်း ၊ ဒေါ်ပိုင်နှင်းဝေ ပါဝင်ဦးဆောင် ဆွေးနွေးသည်။ |
| | အမျိုးသား နှင့် အမျိုးသမီး အဖွဲ့ - ခွဲ နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးသည် - |
| ဦးစိုင်းစိုးပိုင် | အမျိုးသား အဖွဲ့ -<br>အခက်အခဲ<br>ဖြေရှင်းချက်<br>ပွဲ မြို့ရေးလုပ်ငန်းများ |

P-1

၂၄.၁.၂၀၁၇

| မေးမြန်းသူ | မေးမြန်းသည့်အကြောင်းအရာ |
| --- | --- |
| နော်ပညာ:ဟော်ရိုး<br>ဒေါ်သဲမြို့ဝင်း | အမျိုးသမီးအဖွဲ့<br>- အသက်အခဲ :<br>- ဈေးမြန်းချက်<br>- စိုက်ပျိုးရေးလုပ်ငန်းများ : |
| ဦးခိုင်:ရိုးပိုင် | အားလုံးတရစာစည်းဝသည်: ရပေါင်: ရေ;သွင်း၊ကို ဦးစား ပေး လုပ်ငန်းများ ရွေးချယ်ခြင်း၊ ( မဲခနခ်ဖြင့်ရွေးချယ်သည် ) ဦးစားပေး -<br>(၁) ရေဖျောင်ကန်တည်ဆောက်ခြင်း<br>(၂) ကျေးရွာတွင်းလမ်း /တံတားပြုပြင်<br>(၃) ကျေးရွာတွင်းမီးရရှိရေး<br>(၄) ခန်းမဆောင်ပြုပြင်ခြင်း<br>(၅) သချိုင်းကုန်းလမ်းပြုပြင်ခြင်း<br>(၆) ဆေးပေးခန်းတည်ဆောက်ခြင်း<br>(၇) စာသင်ကျောင်းဝိုင်းခြံတည်ဆောက်ခြင်း<br>(၈) လိုအပ်သောနည်းပညာသင်တန်းပေးခြင်း<br>(၉) ကျောင်းဝင်၊ အတွင်း ကလေး လမ်း ကျင်းတည်ဆောက်ခြင်း<br>(၁၀) ကျောင်းဆရာ / မရရှိရေး<br>(၁၁) ဝန်ထမ်းအိမ်ယာတည်ဆောက်ခြင်း<br>(၁၂) ကျေးရွာတွင်းသောက်ရေတွင်းဆောက်ခြင်း၊ ပိုက်နာခြင်း |

P-2

24.01.17

| ဆွေးနွေးသူ | ဆွေးနွေးသည့်အကြောင်းအရာ |
|---|---|
| နော်ပဒွားပော်နိုရီ | VDP ပါဝင်ရမည့်အချက်များ၊ အကျိုးဝေစုခွဲနိုင်များ အကောအကျယ်များ၊ အကျိုးဝင်စာရင်း / အကျိုးမဝင် စာရင်းများ |
| ဦးရိုင်းရီးဖိုင် နော်ပဒွားပော်နိုရီ ဒေါ်သဲဖြူဝင်း | သက်ဆိုင်ရာ ကော်မတီ တာဝန်များကို အနည်းငယ်ပြန် လည်ဆွေးနွေးသည်။ ဖြစ်နိုင်ခြေ ရွေးချယ်သည်။ |

၁။ ကျေးရွာကော်မတီဥက္ကဋ္ဌ

ဦးအောင်ဝင်း

ဒေါ်နော်ရှီနာပော

၂။ ငွေစာရင်းထိန်း

ဦးစောလွဲထူး

ဒေါ်နော်ဖူကာပေါ်

၃။ ဝယ်ယူရေးဆပ်ကော်မတီ

ဦးစောညွန့်သိန်း

မဒူးပဲဖြူ

၄။ ဆောင်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ

ဦးအောင်ကြာ

ဒေါ်နော်ကလီ

၅။ လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ

စောဇော်ဂေထူး

ဒေါ်နော် ရိုးရိုးလှိုင်

၆။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးဆပ်ကော်မတီ

ဦးစောဘူယ်ထူး


ဒေါ်နော်ခွင်းဇူ

p-3

| ဆွေးနွေးသူ | ဆွေးနွေးသည့်အကြောင်းအရာ |
|---|---|
| | ၇။ ကျေးရွာငွေစာရင်းကိုင်<br><br>ဒေါ်ပိုင်နှင်းဝေ<br><br>သက်ဆိုင်ရာကော်မတီအသီးသီးကို ဖဲစနစ်ဖြင့်ရွေးချယ်ကြသည်။ |
| ဦးစိုင်းစိုးပိုင် | ရွေးကောက်ရမည့်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ အုပ်စုစီတောက်များ ရွေးချယ်ရမည့်အကြောင်း၊ မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီ (TPIC) အကြောင်း ရှင်းရှင်းဆွေးနွေးသည်။ ကျေးရွာလူထုအား အစည်းအဝေးကို ပူးပေါင်းပါဝင်မှုကောင်းစွာ ပါဝင်ဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်းသည်။ |
| | ၎ ညနေ ၅:၁၅ တွင် အစည်းအဝေးပြီးသည်-<br><br>လက်မှတ်- [signature]<br>မှတ်တမ်းတင်သူ - နော်ပွားဆောနိုး<br>ရာထူး - CF |

နှုတ်ကစ် - ၃ ကြိမ် အစည်းအဝေး

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ နန့်ကမ်

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | က+ဝ | | | |
| | ၂ | သချိုင်းကုန်း သို့သွားသော | က+ဝ | | | |
| | ၃ | လမ်း ပြုပြင်ခြင်း | | | | |
| | ၄ | တန်ဘိုးနည်း [illegible] | ဝ | | | |
| | ၅ | ဆောက်လုပ်ပေးခြင်း | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး | ၁ | သက်မွေးပညာသင်တန်း | က+ဝ | | | |
| | ၂ | ပံ့ပိုးပေးခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁ | ရေကြောင်းကန်တိုးချဲ့တူး | က+ဝ | [illegible] | | |
| | ၂ | ဆောက်ခြင်း | | | | |
| | ၃ | ကျေးရွာသောက်ရေခံကန် | က+ဝ | [illegible] | | |
| | ၄ | ဆောက်ခြင်း | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | ကျောင်းဆောင်ပြုပြင် | က+ဝ | | | |
| | ၂ | တည်ဆောက်ခြင်း | | | | |
| | ၃ | ကျောင်း ဆရာ၊ ဆရာမ | က | | | |
| | ၄ | ရှိရေး | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေး | ၁ | ခန်းမဆောင်တိုးချဲ့ဆောက် | ဝ | [illegible] | | |
| | ၂ | လုပ်ခြင်း | | | | |
| | ၃ | [illegible] သင်တန်းဖွင့်ခြင်း | က+ဝ | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |